လူသားသည် ငါအရှင်မြတ်အား မဟုတ်မမှန် ပြောဆိုသည်။

လူသားသည် ထိုသို့မပြောသင့်ပေ။ လူသားသည်

ငါအရှင်မြတ်အား စွပ်စွဲပြောဆိုသည်။ လူသားသည်

ထိုသို့မပြောသင့်ပေ။

အဗူဟုရိုင်ရဟ်(ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)မိန့်ကြားတော်မူသည်။
အလ္လာဟ်အရှင်မြတ်မိန့်ကြားတော်မူသည်မှာ - လူသားသည် ငါအရှင်မြတ်အား မဟုတ်မမှန်ပြောဆိုသည်။ လူသားသည် ထိုသို့မပြောသင့်ပေ။ လူသားသည် ငါအရှင်မြတ်အား
စွပ်စွဲပြောဆိုသည်။ လူသားသည် ထိုသို့မပြောသင့်ပေ။ ငါအရှင်မြတ်အား လူသားသည်
မဟုတ်မမှန် ပြောဆိုသည့်ကိစ္စရပ်မှာ ငါအရှင်သည် မြတ်လူသားအား
စတင်ဖန်ဆင်းခဲ့သည့်အတိုင်း ကိယာမသ်နေ့၌ ပြန်လည်ဖန်ဆင်းရန်မတတ်စွမ်းနိုင်ပေဟုပြောခြင်းဖြစ်သည်။ (အရှင်မြတ်က ဤသို့တုန့်ပြန်တော်မူ၏)
စတင်ဖန်ဆင်းခဲ့သည့်အတိုင်းဖန်ဆင်းခြင်းထက် ကိယာမသ်နေ့၌ ပြန်လည်ဖန်ဆင်းရန်မှာအလွန်ပင်လွယ်ကူလှသည်။ လူသားသည် ငါအရှင်မြတ်အား စွပ်စွဲ ပြောဆိုသည့်ကိစ္စရပ်မှာငါအရှင်မြတ်ထံတော်တွင် သားသမီးရှိသည်ဟု ပြောဆိုခြင်းဖြစ်သည်။ (အရှင်မြတ်ကဤသို့တုန့်ပြန်တော်မူ၏) ငါအရှင်သည် တစ်ဆူတည်းတည်ရှိမူသောအရှင်၊
လိုလားတောင့်တခြင်းလုံးဝကင်းတော်မူသောအရှင်၊
သူတစ်ပါးတို့၏မှီခိုအားထားရာအရှင်ဖြစ်တော်မူပြီး ငါအရှင်မြတ်သည်
မည်သူတစ်ဦးတစ်ယောက်ကိုမျှ မွေးဖွားတော်မူခဲ့သည်မဟုတ်၊
မည်သူတစ်ဦးတစ်ယောက်၏မွေးဖွားခြင်းကိုလည်း ခံခဲ့ရတော်မူသည်မဟုတ်ပါ။
ငါအရှင်မြတ်နှင့်ဂုဏ်ရည်တူသူဟူ၍လည်း တစ်ဦးတစ်ယောက်မျှပင်မရှိပေ။ [صحيح] [رواه البخاري]

ဟဒီးဆ်ကုဒ်စီတွင် တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က ရှင်းပြတော်မူသည်မှာအလ္လာဟ်အရှင်မြတ်သည် မုရှ်ရိက်များ၊ကာဖိရ်များနှင့်ပတ်သက်၍အသိပေးမိန့်ကြားထားသည်မှာ ကာဖိရ်၊ မုရှ်ရိက်တို့သည်အလ္လာဟ်အရှင်မြတ်အား မဟုတ်မမှန်ပြောဆိုကြသည့်အပြင် အရှင်မြတ်တွင် လျောနည်းမှုများ၊ချွတ်ယွင်းချက်များရှိသည်ဟု ပြောဆိုကြသည်။ ကာဖိရ်၊ မုရှ်ရိက်တို့သည်ထိုသို့မပြောသင့်ပေ။ အလ္လာဟ်အရှင်မြတ်အား ကာဖိရ်၊ မုရှ်ရိက်များကမဟုတ်မမှန်ပြောဆိုသည့်ကိစ္စရပ်မှာ အလ္လာဟ်အရှင်မြတ်သည် ကာဖိရ်၊ မုရှ်ရိက်များအားမည်သည့်အစအနမှမရှိဘဲ စတင်ဖန်ဆင်းခဲ့သည့်အတိုင်း ကွယ်လွန်သေဆုံးပြီးနောက်ကိယာမသ်နေ့၌ နောက်တစ်ကြိမ် ပြန်လည်ဖန်ဆင်းရန်မတတ်စွမ်းနိုင်ပေဟုထက်မြင်နေကြခြင်းဖြစ်သည်။ အရှင်မြတ်က ဤသို့တုန့်ပြန်တော်မူ၏။မည်သည့်အစအနမှမရှိဘဲ စတင်ဖန်ဆင်းခဲ့သော အလ္လာဟ်အရှင်မြတ်သည် လူသားများအားတဖန်ပြန်လည်ဖန်ဆင်းရန် တတ်စွမ်းနိုင်သည့်အပြင် ဤသို့ဖန်ဆင်းရန်မှာပို၍လွယ်ကူလှပေသည်။ သို့သော် ဤကိစ္စရပ်များအားလုံးသည်

အလ္လာဟ်အရှင်မြတ်ထံတော်ပါးတွင် တန်းတူညီတူဖြစ်သည်။ အလ္လာဟ်အရှင်မြတ်သည်အရာရာတိုင်းကို တတ်စွမ်းနိုင်တော်မူသော အရှင်မြတ်ပင်ဖြစ်တော်မူသည်။ ကာဖိရ်၊မုရှ်ရိက်များက အလ္လာဟ်အရှင်မြတ်အား စွပ်စွဲ ပြောဆိုသည့်ကိစ္စရပ်မှာငါအရှင်မြတ်ထံတော်တွင် သားသမီးရှိသည်ဟု ပြောဆိုခြင်းဖြစ်သည်။ အရှင်မြတ်ကဤသို့တုန့်ပြန်တော်မူ၏။ အရှင်မြတ်သည် အလွန်ပြည့်စုံလှသော မိမိနာမတော်များ၊ဂုဏ်တော်များ၊ လုပ်ဆောင်ချက်များ၌ တစ်ဆူတည်းတည်ရှိမူသောအရှင်၊ချို့ယွင်းမှုအပေါင်းနှင့် အားနည်းချက်များမှကင်းရှင်းတော်မူသောအရှင်၊လိုလားတောင့်တခြင်းလုံးဝကင်းတော်မူသောအရှင်၊သူတစ်ပါးတို့၏မှီခိုအားထားရာအရှင်ဖြစ်တော်မူပြီး အရှင်မြတ်သည်မည်သူတစ်ဦးတစ်ယောက်၏ဖခင်မဟုတ်၊ မည်သူတစ်ဦးတစ်ယောက်၏သားလည်းမဟုတ်ပေ။ငါအရှင်မြတ်နှင့်ဂုဏ်ရည်တူသူဟူ၍လည်း တစ်ဦးတစ်ယောက်မျှပင်မရှိပေ။

https://sunnah.global/hadeeth/my/show/6327